ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီးရုံး

**အမိန့်ကြော်ငြာစာအမှတ် ၇၁/၂၀၂၄**

၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၉ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ)တွင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၃) ၏ သဘောတူခွင့်ပြုချက်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFCs/R-22) သုံးစွဲမှုလျှော့ချရပ်ဆိုင်းရေး စီမံခန့်ခွဲမှုစီမံကိန်းအရ အိုဇုန်းလွှာထိခိုက်ပျက်စီးမှုကို ထိန်းချုပ်ကာကွယ်နိုင်ရန် အိုဇုန်းလွှာပျက်စီးစေသော အဓိကဒြပ်ပစ္စည်းဖြစ်သည့် HCFC-22/R-22 အပါအဝင် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFCs) အသုံးပြုသည့် မြင်းကောင်ရေ ၂.၅ (21000 BTU/hr) နှင့်အထက် စွမ်းအား (Capacity) ရှိသည့် လေအေးပေးစက်နှင့် အကြီးစားစက်ပစ္စည်းများဖြစ်သည့် လုပ်ငန်းသုံးရေခဲသေတ္တာများ (Commercial Refrigerator) ၊ အေးခဲသိုလှောင်ခန်းများ (Cold Storage) ၊ အေးခဲစက်များ (Chiller) ပြည်တွင်းသို့တင်သွင်းမှုကို အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ ရက်ပေါင်း ၉၀ ပြည့်မြောက်သည့် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့မှစ၍ တားမြစ်လိုက်သည်။

(ပုံ) ခင်မောင်ရီ

ပြည်ထောင်စုဝန်ကြီး

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

စာအမှတ်၊(သစ်တော)၃(၁)/ဝ၄ (အိုဇုန်း)/(၂၀၇၂ /၂၀၂၄)

ရက်စွဲ ၊ ၂၀၂၄ ခုနှစ် ၊ ဩဂုတ်လ ၉ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင်ကြေညာပေးပါရန်<br>မေတ္တာရပ်ခံချက်ဖြင့် |

ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန

ဤဝန်ကြီးဌာနအောက်ရှိ လုပ်ငန်း/ ဦးစီးဌာန အားလုံး

အမိန့်အရ

(လှမောင်သိန်း)

အမြဲတမ်းအတွင်းဝန်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန